# လွင်လွင် ကိန်းဂဏာန်းများကို သင်ယူခြင်း

## ပုံပြင် (၃)

# လွင်လွင် ခြံထဲတွင် သင်ယူခြင်း



## လွင်လွင် ကိန်းဂဏန်းများကို သင်ယူခြင်း

ပုံပြင် (၃)

# လွင်လွင် ခြံထဲတွင် သင်ယူခြင်း

စနေနေ့နဲ့ တနင်္ဂနွေနေ့တိုင်းမှာ လွင်လွင် သူ့အမေကို ကူညီပေးတယ်။ လွင်လွင် သူ့အမေကို ကူညီပေးနေစဉ် ကိန်းဂဏန်းတွေအကြောင်း သင်ယူတယ်။

ဒီတတိယပုံပြင်မှာ လွင်လွင် ဘယ်လိုသင်ယူသလဲ ဆိုတဲ့ အကြောင်းပါတယ်။

တနင်္ဂနွေနေ့ နေ့လယ်မှာ အမေက သူ့ကို ကူညီဖို့ လွင်လွင်ကို ပြောတယ်။

အမေ ။ ။သမီးရေ - ခြံထဲမှာ ခရမ်းချဉ်သီး အမှည့်နဲ့ သခွားသီးတွေ အမေ့ကို သွားခူးပေးပါကွယ်။

အမေက ခရမ်းချဉ်သီး ၇ လုံးနဲ့ သခွားသီး ၃ လုံး လိုချင်တယ်။ ဒါဆိုရင် အားလုံးပေါင်း ဘယ်နှလုံးဖြစ်မလဲ။



လွင်လွင် ။ ။ခရမ်းချဉ်သီးက ၇ လုံး နဲ့

သခွားသီးက ၃ လုံး

ဒါဆိုရင် အားလုံးပေါင်း ၁၀ လုံး

# ၇ + ၃ = ၁၀

ခရမ်းချဉ်သီး ၇ လုံးနဲ့ သခွားသီး ၃ လုံး
အားလုံးပေါင်း ၁၀ လုံး



လွှင်လွှင် ခြင်းတောင်းယူပြီး ခြံထဲကိုသွားတယ်။ သူခူးလာတာတွေက ပထမဆုံး သူ့ ခရမ်းချဉ်သီးတွေ ခူးတယ်။ ခူးနေတုန်း ရေကြည့်တယ်။

၁၊ ၂၊ ၃၊ ၄၊ ၅၊.........

နောက် သူကြည့်လိုက်တယ်။ ပြီးတော့ ထပ်ကြည့်လိုက်တယ်။ နောက်ထပ် ခရမ်းချဉ်သီးအမှည့်တွေ မတွေ့တော့ဘူး။



အမေက ခရမ်းချဉ်သီးအမှည့် ၇ လုံး လိုချင်တယ်။

လွင်လွင့်မှာ ၅ လုံး ရှိတယ်။ ဒါဆိုရင် သူ့မှာ နောက်ထပ် ခရမ်းချဉ်သီး ဘယ်နှလုံး လိုနေသလဲ။

၁ ၂ ၃ ၄ ၅ ၆ ၇

# ၇ - ၅ = ၂

အားလုံးပေါင်း ၇ လုံးလိုချင်တယ်။ ဒါပေမယ့် ၅ လုံးပဲရှိတယ်။ ဒါကြောင့် နောက်ထပ် ၂ လုံး လိုတယ်။





နောက် လွင်လွင် သခွားသီးတွေခူးတယ်။
ခူးနေတုန်း ရေကြည့်တယ်။

၁၊ ၂၊ ၃၊........

လွင်လွင် နောက်ထပ် အမှည့် ၂ လုံးကိုတွေ့တယ်။
ဒါနဲ့ အဲဒီအမှည့်တွေကိုလည်း ခူးလိုက်တယ်။



အမေက သခွားသီးအမှည့် ၃ လုံး လိုချင်တယ်။

ဒါပေမယ့် လွင်လွင်က ၅ လုံးခူးထားတယ်။ သူ့မှာ လိုတာထက် ပိုနေတယ်။ ဘယ်လောက် ပိုနေသလဲ။

၁ ၂ ၃ ၄ ၅

$$၅ - ၃ = ၂$$

အားလုံးပေါင်း ၅ လုံးရှိတယ်။ ဒါပေမယ့် လိုချင်တာက ၃ လုံး။ ဒါကြောင့် ၂ လုံးပိုနေတယ်။





အခုဆိုရင် လွင်လွင့်မှာ ခရမ်းချဉ်သီး ၅ လုံးနဲ့ သခွားသီး ၅ လုံးရှိနေတယ်။ သူ့မှာ အသီးအားလုံး ပေါင်း ဘယ်နှလုံးရှိနေသလဲ။

# ၅ + ၅ = ၁၀

ခရမ်းချဉ်သီး ၅ လုံးနဲ့ သခွားသီး ၅ လုံး
အားလုံးပေါင်း ၁၀ လုံး

သူ့မှာ ခရမ်းချဉ်သီး ၅ လုံးရှိတယ်။ ဒါပေမယ့် သူနောက်ထပ် ၂ လုံးလိုနေတယ်။ သူ့မှာ သခွားသီး ၅ လုံးရှိတယ်။ ဒါပေမယ့် သူ့မှာ ၂ လုံးပိုနေတယ်။





လွင်လွင် သူ့အိမ်နီးချင်း စိုးစိုးကို သူ့ရဲ့ခြံထဲမှာ တွေ့တယ်။ စိုးစိုးလည်း ခရမ်းချဉ်သီးနဲ့ သခွားသီးတွေ ခူးနေတယ်။

လွင်လွင်။ ။ဟိတ် - စိုးစိုး။ မင်း . . . အသီးတွေ ဘယ်လောက် ရနေပြီလဲ။ ခရမ်းချဉ်သီး ဘယ်နှလုံးနဲ့ သခွားသီး ဘယ်နှလုံး ရနေပြီလဲ။

စိုးစိုး ။ ။အားလုံးပေါင်း အသီး ၅ လုံးရပြီ။ ဒါပေမယ့် ငါလိုသလောက် မရသေးဘူး။ ငါ သခွားသီး ၄ လုံးလိုချင်တာ ၂ လုံးပဲ ရသေးတယ်။ ခရမ်းချဉ်သီးက ၁ လုံးပဲ လိုတာ။ ဒါပေမယ့် ငါ့မှာ ၃ လုံး ရှိနေတယ်။



လွင်လွင်။ ။ဟေး - ဒါဆိုရင် မင်းမှာ ခရမ်းချဉ်သီးတွေ
အများကြီး ရနေတာပေါ့။ ငါက ထပ်
လိုချင်တာ။ ငါ့မှာ သခွားသီးတွေ ပိုနေတယ်။
ဒါပေမယ့် မင်းက ထပ်လိုချင်နေတယ်။
ငါတို့ အသီးချင်းလဲကြမလား။

စိုးစိုး ။ ။အေး - ငါတို့ အတိအကျရအောင်
တွက်ကြည့်ကြမယ်။



လွင်လွင်။ ။မင်း နောက်ထပ် သခွားသီး
ဘယ်နှလုံးလိုသလဲ။

စိုးစိုး ။ ။ငါ့မှာ သခွားသီး ၂ လုံးရှိတယ်။
လိုချင်တာက အားလုံးပေါင်း ၄ လုံး။
ဒီတော့ နောက်ထပ် ငါ ၂ လုံးလိုတယ်။

# ၄ - ၂ = ၂

လိုချင်တာ အားလုံးပေါင်း ၄ လုံး၊ ရှိတာက ၂ လုံး၊ ဒါကြောင့် နောက်ထပ် ၂ လုံး လိုတယ်။

စိုးစိုး ။ ။မင်းမှာ နောက်ထပ် ငါ့အတွက် ၂ လုံး
ရှိသေးလား။

လွင်လွင်။ ။ရှိတယ်။ ဒီမှာ ၂ လုံး ယူလိုက်။



စိုးစိုး ။ ။မင်း နောက်ထပ် ခရမ်းချဉ်သီး
ဘယ်နှလုံးလိုသလဲ။

လွင်လွင်။ ။ငါ့မှာ ရှိတာ ၅ လုံး၊ လိုချင်တာက
အားလုံးပေါင်း ၇ လုံး။ ဒါဆိုရင်
နောက်ထပ် ၂ လုံး လိုတယ်။

၇ - ၅ = ၂

လိုချင်တာက အားလုံးပေါင်း ၇ လုံး၊ ဒါပေမယ့် ရှိတာက ၅ လုံး၊ ဒါကြောင့် နောက်ထပ် ၂ လုံး လိုတယ်။

လွင်လွင်။ ။မင်းမှာ နောက်ထပ် ငါ့အတွက် ၂ လုံး
ရှိသေးလား။

စိုးစိုး ။ ။ရှိတယ်။ ဒီမှာ ၂ လုံး ယူလိုက်။


JJ

လွင်လွင်နဲ့ စိုးစိုး သူတို့အသီးတွေကို ပြန်စစ်ကြည့်တယ်။

လွင်လွင်။ ။အခုဆိုရင် ငါ့မှာ ခရမ်းချဉ်သီး
၇ လုံးနဲ့ သခွားသီး ၃ လုံး၊
အားလုံးပေါင်း အသီး ၁၀ လုံးရှိပြီ။

၇ + ၃ = ၁၀

စိုးစိုး ။ ။အခုဆိုရင် ငါ့မှာ ခရမ်းချဉ်သီး
၁ လုံးနဲ့ သခွားသီး ၄ လုံး၊
အားလုံးပေါင်း အသီး ၅ လုံးရှိပြီ။

၁ + ၄ = ၅





လွင်လွင် ခြင်းတောင်းကို အိမ်ယူသွားတယ်။

လွင်လွင်။ ။မေမေ ဒီမှာကြည့်ပါဦး။ မေမေလိုချင်
တာတွေရပြီ။

လွင်လွင်က ခြင်းတောင်းကို သူ့အမေကို
ပေးလိုက်တယ်။ အမေက ခြင်းတောင်းထဲကို
ကြည့်လိုက်တယ်။

အမေ ။ ။ခရမ်းချဉ်သီး ၇ လုံးနဲ့ သခွားသီး ၃ လုံး
တွေ့တယ်။ အားလုံးပေါင်း ၁၀ လုံး။
ကျေးဇူးတင်တယ် သမီးရေ။



လွင်လွင် ကိန်းဂဏန်းများကို သင်ယူခြင်း

ပုံပြင် (၃)

# လွင်လွင် ခြံထဲတွင် သင်ယူခြင်း




သရုပ်ဖော်ကာတွန်း - မိုးထက်မိုး

design - မိုးထက်မိုး





ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။

ရောင်းချရန် မဟုတ်ပါ။